## ၂၀၁၇ ခုနှစ် တွင် ဆုရရှိခဲ့သူများ

**ဒေါက်တာ ခင်ချစ်**

*ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန*

**ဒေါ်ရီရီချို**

*သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန*

**ဒေါ်မိုင်မိုင်**

*ကချင်လူငယ်အဖွဲ့ အစည်း*

**ဒေါ်စန်းစန်းမော်**

*မြန်မာနိုင်ငံ ကြက်ခြေနီအသင်း*

**ဒေါ်နော်အိအိခင်**

*ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့*

**ဒေါ်လှလှရီ**

*ဥပဒေရေးရာကုစားရေးအဖွဲ့ (မြန်မာ)*

# ရန်ကုန်အမေရိကန်သံရုံး ၏ (၂၀၁၈) ခုနှစ်

# *Women of Change Awards*

(၂၀၁၈) ခုနှစ်၊ မတ်လ (၂၂) ရက်၊
အမှတ် (၈၆)၊ ပြည်လမ်း၊ လှိုင်မြို့နယ်
ရန်ကုန်၊ မြန်မာ။

အမေရိကန်သံရုံး၏ Women of Change Awards များသည် မြန်မာနိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးအတွက် သိသိသာသာ ပါဝင်ကြိုးပမ်းခဲ့သည့် မြန်မာနိုင်ငံရှိအမျိုးသမီးများကို အသိအမှတ်ပြုရန်ဖြစ်ပါသည်။ မိမိတို့ လူမှုအသိုင်းအဝိုင်း၏ ရည်ရွယ်အကျိုးကို သယ်ပိုးခဲ့ကြသော်လည်း အသိအမှတ်ပြုခြင်းမခံရသေးသည့် အမျိုးသမီးများကို ဤဆုဖြင့် မီးမောင်းထိုးပြခြင်းဖြစ်သည်။

သံအမတ်ကြီး စကော့မာစီရယ်သည် ပြည်သူ့ကျန်းမာရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဒေသခံတိုင်းရင်းသား အုပ်စုများ၏ အခွင့်အရေး၊ နှင့် မသန်စွမ်း သူများအရေး အစရှိသည့် နယ်ပယ်များတွင် ကျွမ်းကျင်ပြီး အပြောင်းအလဲကို ဆောင်ယူလာပေးသည့် အမျိုးသမီးများအား (၂၀၁၈) ခုနှစ် Women of Change ဆုများကို ဂုဏ်ယူစွာဖြင့် ချီးမြှင့်ခြင်းဖြစ်ပါသည်။

**ကရင်အမျိုးသမီးများအဖွဲ့အစည်း** (KWO) သည် အဖွဲ့ဝင်ပေါင်း (၆၀၀၀၀) ကျော် ပါဝင်သည့် တိုင်းရင်းသူ အမျိုးသမီးများ၏ အဖွဲ့အစည်းဖြစ်ပြီး ကျားမ တန်းတူညီမျှရေး၊ ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေး နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်ရေးတို့ကို ကူညီဆောင်ရွက်လျက် ရှိပါသည်။ ရခိုင်ပြည်နယ် နှင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ အကြမ်းဖက်ခံ ပြည်သူများအားလုံးဖက်မှ ရဲဝံ့စွာ ရပ်တည်ပေးခဲ့သော KWO အား ချီးကျူးဂုဏ်ပြုပါသည်။ KWO သည် ကရင်လူမျိုးများအတွက် သီးသန့် မဟုတ်ဘဲ အားလုံး၏ အခွင့်အရေးအတွက် လှုပ်ရှားနေသည့် အဖွဲ့အစည်းဖြစ်သည်။ KWO ၏ အောင်မြင်မှုများစွာမှ အချို့မှာ – ကရင်အမျိုးသားအစည်းအရုံးအတွင်းရှိ အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် ကဏ္ဍကို မြှင့်တင်၍ အိမ်တွင်းအကြမ်းဖက်မှုဥပဒေကို ပြန်လည်ပြင်ဆင်ခြင်း၊ အမျိုးသမီးငယ်များအတွက် ဦးဆောင်မှု စွမ်းရည် သင်တန်းများ ပို့ချခြင်းတို့ ဖြစ်ပါသည်။ နော် စဲစဲ၊ နော်ဝါးခူရှီး တို့မှ KWO ၏ ကိုယ်စား ဆုကို လက်ခံရယူမည်ဖြစ်ပါသည်။

**ဒေါက်တာ သက်သက်မူ** သည် ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာန၊ ကျန်းမာရေး သတင်းအချက် အလက်ဆိုင်ရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဖြစ်ပါသည်။ အထောက်အထားပေါ် အခြေခံသည့် မူဝါဒ နှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် အရည်အသွေးမီ ကျန်းမာရေးဆိုင်ရာအချက်အလက်များကို သုံးစွဲခဲ့သော ချန်ပီယံတစ်ဦးဖြစ်သည်။ ၎င်းသည် ဒီမိုကရေစီ စနစ်အတွက် အရေးပါလှသည့် အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးဖြစ်သော လူဦးရေစာရင်း နှင့် ကျန်းမာရေး စစ်တမ်း ကောက်ယူရာတွင် ဦးဆောင်ခဲ့သည်။ ၎င်းစစ်တမ်းသည် မြန်မာနိုင်ငံ၏ ဒေသမျိုးစုံ လူမျိုးပေါင်းစုံ အား ကိုယ်စားပြုစေရန်လည်း အားထုတ်ဆောင်ရွက်ခဲ့သည်။ ပဋိပက္ခဘေးဒဏ်ခံရသော နေရာများတွင် ဆန်းသစ်သော နည်းလမ်းများဖြင့် စစ်တမ်းကောက်ယူမှုကို ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး အရေးကြီးလှသည့် အချက်အလက်များကို ထုတ်ပေးနိုင်ခဲ့ရာ မြို့ပြကျန်းမာရေး စောင့်ရှောက်မှု၊ အိမ်တွင်း အကြမ်းဖက်မှု၊ အဟာရမျှတသည့် စားသောက်မှု နှင့် ကာကွယ်ဆေးပေးဝေမှု များတွင် မျှတခြင်းမရှိသည့် ကိစ္စများကို မူဝါဒချမှတ်သူများအနေဖြင့် ကောင်းစွာနားလည်အောင် ကူညီပေးနိုင်ခဲ့သည်။

**ဒေါ်အေးသဉ္ဇာမောင်** သည် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ် (MFPD) ၏ အုပ်ချုပ်ရေး ကော်မတီ အဖွဲ့ဝင် တစ်ဦးဖြစ်ပါသည်။ မသန်စွမ်းသူများ ဆိုင်ရာ အသိပညာ ပြန့်ပွားရေးဆောင်ရွက် နေသည့်အပြင် မြန်မာနိုင်ငံရှိ မသန်စွမ်းများ အပြည့်အဝ ပါဝင်နိုင်စေရန် အစိုးရမှ ပြုပြင်ပြောင်းလဲရေး အတွက် အကြံပေးနေသူ လဲ ဖြစ်ပါသည်။ မကြာသေးမီကမှ ပညာရေး ဝန်ကြီးဌာန နှင့် ပူးပေါင်း၍ တက္ကသိုလ် ဝင်ခွင့်လမ်းညွှန် ကို ဦးဆောင်ပြင်ဆင်ကာ မသန်စွမ်းကျောင်းသား များအနေဖြင့် အဆင့်မြင့်ပညာ တန်းတူသင်ယူနိုင်ရေးကို ကြိုးပမ်းခဲ့ပါသည်။ MFPD သည် လက်ရှိတွင် မြန်မာနိုင်ငံ၏ (၂၀၁၅) မသန်စွမ်းသူများအခွင့်အရေး ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည်။